# Second Sunday of Advent (A)

## 1st READING: Isaiah 11:1-10

ဟေရှာယအနာဂတ္တိကျမ်း။ ၁၁း ၁–၁၀

ယေရှဲအမျိုးအငုတ်၌အတက်ပေါက်လိမ့်မည်။သူ၏အမြစ်တို့တွင်အညွန့်သည်အသီးသီးလိမ့်မည်။ထာဝရဘုရား၏ဝိညာဉ်တော်တည်းဟူသောဥာဏ်ပညာကိုပေးသောဝိညာဉ်၊ကြံစည်တတ်စွမ်းနိုင်သောသတ္တိကိုပေးသောဝိညာဉ်၊ ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့သောသဘောကိုပေးသောဝိညာဉ်တော်သည်ထိုသူအပေါ်မှာကျိန်းဝပ်တော်မူလိမ့်မည်။ ထိုသူသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ မိမိမျက်စိမြင် သည်အတိုင်း တရားမစီရင်၊ မိမိနားကြားသည်အတိုင်း မဆုံးဖြတ်ဘဲ၊ ဆင်းရဲသားတို့၏အမှုကိုတရားတော်အတိုင်းစီရင်၍၊နှိမ့်ချသောမြေကြီးသားတို့ဘက်၌နေလျက်၊ဖြောင့်မတ်စွာဆုံးဖြတ်လိမ့်မည်။ မြေကြီးကိုနှုတ်ကပတ်တော်လှံတံနှင့်ဒဏ်ခတ်၍၊ ဆိုးသောသူကိုနှုတ်ခမ်းထွက်သက်နှင့်ကွပ်မျက်လိမ့်မည်။ တရားနှင့်သစ္စာသည်သူ၏ခါးပန်းခါးစည်းဖြစ်လိမ့်မည်။ တောခွေးသည်သိုးသငယ်နှင့်အတူနေလိမ့်မည်။ ကျားသစ်သည် ဆိတ်သငယ်နှင့်အတူအိပ်လိမ့်မည်။ နွားသငယ်၊ ခြင်္သေ့သငယ်၊ ဆူအောင်ကျွေးသော အကောင်တို့သည် အတူသွားလာကြ၍၊ လူသူငယ်သည်သူတို့ကို ပို့ဆောင်လိမ့်မည်။ နွားမနှင့်ဝံမသည်အတူကျက်စား၍၊ သူတို့သားငယ်များသည်အတူအိပ်ကြလိမ့်မည်။ ခြင်္သေ့သည်လည်း နွားကဲ့သို့မြက်ကို စားလိမ့်မည်။ နို့စို့သူငယ်သည်လည်း မြွေဆိုးတွင်းပေါ်မှာကစားလိမ့်မည်။ နို့ကွာသော သူငယ်သည်လည်း၊ မြွေဟောက်တွင်းဝ၌မိမိလက်ကိုသွင်းလိမ့်မည်။ငါ၏သန့်ရှင်းသောတောင်တပြင်လုံး၌အချင်းချင်းညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြ။ အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည်ထာဝရဘုရားကို သိကျွမ်းခြင်းပညာနှင့်ပြည့်စုံလိမ့်မည်။ ထိုကာလ၌ ယေရှဲ၏အမြစ်သည်ပေါက်၍၊ လူများအတို့ထူသော အလံဖြစ်လိမ့်မည်။ ထိုအလံ၌တပါး အမျိုး သားတို့သည် ဆည်းကပ်ကြလိမ့်မည်။ ကျိန်းဝပ်တော်မူရာအရပ်သည်လည်း ဘုန်းကြီးလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  72:1-2,7-8,12-13,17

ဆာလံကျမ်း ၇၂

**သံပြိုင်။ ။သူ၏လက်ထက်တော်၌ဖြောင့်မတ်မှန်ကန်ခြင်းတရားနှင့်ငြိမ်းချမ်းသာယာခြင်းသည်ထာဝရထွန်းကားလိမ့်မည်။**
R. **Justice shall flourish in his time, and fullness of peace forever.**

**၁။** ။အိုဘုရားသခင်ဘုရင်မင်းမြတ်အားတရားမျှတမှုကိုလည်းကောင်းဘုရင်မင်းမြတ်၏သားတော်အားဖြောင့်မတ်မှန်ကန်မှုကိုလည်းကောင်းပေးတော်မူပါ။သူသည်ကိုယ်တော်၏လူမျိုးတော်ကိုဖြောင့်မတ်မှန်ကန်ခြင်းကိုလည်းကောင်း၊ဆင်းရဲသောသူတို့ကိုတရားမျှတမှုဖြင့်လည်းကောင်းစီရင်မှုပြုနိုင်ပါစေ။ **သံပြိုင်။**
O God, with your judgment endow the king, and with your justice, the king's son;he shall govern your people with justiceand your afflicted ones with judgment.

**၂။** ။ထိုမင်းကြီး၏လက်ထက်တော်၌ဖြောင့်မတ်မှန်ကန်ခြင်းတရားထွန်းကားပါစေ။လသည်ပပျောက်ခြင်းသို့ရောက်သည့်တိုင်အောင်ငြိမ်းချမ်းသာယာခြင်းသည်ကျယ်ပြန့်စွာစိုးမိုးပါစေ။ထိုမင်းကြီးသည်မဟာမြစ်ကြီးမှမြေကြီးစွန်းတိုင်အောင်စိုးမိုးအုပ်ချုပ်နိုင်ပါစေ။ **သံပြိုင်။**
Justice shall flower in his days, and profound peace, till the moon be no more. May he rule from sea to sea, and from the River to the ends of the earth.

၃။ ။အကြောင်းမူကားမင်းကြီးသည်မိမိအား၊ဟစ်ခေါ်နေကြသည့်ငတ်မွတ်သောသူတို့ကိုလည်းကောင်း၊ခိုကိုးရာမဲ့ဆင်းရဲသားတို့အားလည်းကောင်းကယ်ဆယ်တော်မူလိမ့်မည်။မင်းကြီးသည်အားနည်းနုံချာ၊ဆင်းရဲသောသူတို့နှင့် ငတ်မွတ်သောသူတို့ကိုသနားတော်မူလိမ့်မည်။ ငတ်မွတ်သောသူတို့၏အသက်ကိုကယ်တင်တော်မူ၏။ **သံပြိုင်။**
For he shall rescue the poor when he cries out, and the afflicted when he has no one to help him.
He shall have pity for the lowly and the poor; the lives of the poor he shall save.

**၄။** ။မင်းကြီး၏နာမတော်သည်အစဉ်အမြဲတည်ပါစေသော်သူ၏ဂုဏ်သတင်းသည်လည်းနေမင်းကြီးတည်သ၍ဆက်လကတည်တံ့ပါစေ။မင်းကြီးအားဖြင့်လူအပေါင်းတို့သည်ကောင်းကြီးမင်္ဂလာခံကြရပါစေ။လူမျိုးအပေါင်းတို့သည်ကိုယ်တော်အားမင်္ဂလာရှိသူဟုခေါ်ဝေါ်ကြပါစေ။ **သံပြိုင်။**
May his name be blessed forever; as long as the sun his name shall remain. In him shall all the tribes of the earth be blessed; all the nations shall proclaim his happiness.

**2nd READING: Romans 15:4-9**
**ရောမမြို့သူမြို့သားတို့ထံ ရေးသောစာ။ ၁၅း ၄–၉**

ရှေးကာလ၌ရေးသားဖော်ပြထားသောအကြောင်းအရာတို့သည်ငါတို့အားသွန်သင်ဆုံးမပေးရန်ဖြစ်၏ ။စွဲမြဲသည်းခံမှုရှိခြင်းနှင့်ကျမ်းစာများ၏ အားပေးနှစ်သိမ့်ခြင်းတို့ဖြင့်ငါတို့၌မျှော်လင့်ခြင်းရှိစေရန်ဖြစ်သည် ။စွဲမြဲသည်းခံခြင်းနှင့်အားရနှစ်သိမ့်မှုရှိခြင်းတို့၏ အစမူလဖြစ်တော်မူသောဘုရားသခင်သည်သင်တို့အားယေရှုခရစ်တော်၏ စံနမူနာတော်အတိုင်းအချင်းချင်းစိတ်တညီတညွတ်တည်းငြိမ်းချမ်းစွာနေထိုင်ရန်ကျေးဇူးတော်ကိုပေးတော်မူပါစေ။သို့မှသာလျှင်သင်တို့သည်ငါတို့သခင်ယေရှုခရစ်တော်၏ ခမည်းတော်ဘုရားသခင်အားတသံတည်းချီးမွမ်းကျေးဇူးနိုင်ကြပေလိမ့်မည် ။ခရစ်တော်သည်သင်တို့ကိုလက်ခံကြိုဆိုသကဲ့သို့ဘုရားသခင်၏ ဘုန်းဂုဏ်တော်ထင်ရှားစေရန်သင်တို့သည်လည်းအချင်းချင်းတစ်ဦးကိုတစ်ဦးလက်ခံကြိုဆိုကြလော့။အကြောင်းမူကား၊ခရစ်တော်သည်ဘိုးဘေးတို့အားဘုရားသခင်ပေးထားသောကတိတော်ကိုအတည်ပြုရန်ဘုရားသခင်၏ သစ္စာမှန်တရားကိုထောက်၍အရေဖျားလှီးခြင်းခံသောသူတို့၏ အစေခံဖြစ်လာတော်မူသည်ဟုသင်တို့အားငါဆို၏ ။လူမျိုးခြားတို့သည်လည်းဘုရားသခင်၏ သနားကရုဏာတွက်ကိုယ်တော်ကိုချီးမွမ်းထောမနာပြုနိုင်ရန်ကိုယ်တော်သည်ထိုနည်းတူပြုတော်မူ၏ ။ကျမ်းစာ၌ရေးထားသည်ကားထို့ကြောင့်ကျွန်ုပ်သည်လူမျိုးခြားတို့အလယ်၌ကိုယ်တော်ကိုဝန်ခံ၍ကိုယ်တော်၏ နာမတော်ကိုချီးမွမ်းကျေးဇူးပါမည်ဟူ၍ဖြစ်သတည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။

**GOSPEL:** *Mt 3:1-12*
ရှင်မာတေဦးဧဝံဂေလိကျမ်း။   ၃း ၁–၁၂

ထိုနေ့ရက်တို့၌ယောဟန်ဗတ္တိဇံသည်ဂျူဒေယပြည်တောကန္တာရတွင်ထွက်ပေါ်လာ၍။နောင်တရကြလော့၊ကောင်းကင်နိုင်ငံတော်သည်ရောက်လုနီးပြီဟုဟောပြောလေ၏ ။ပရောဖက်အီဇာယဟောထားခဲ့သည့်အတိုင်းထာဝရဘုရားကြွလာတော်မူမည့်လမ်းကိုပြင်ဆင်ကြလော့၊ကိုယ်တော်၏ လမ်းများကိုဖြောင့်တန်းစေကြလော့ဟုတောကန္တာရ၌ကြွေးကြော်သောသူ၏ အသံသည်ကားယောဟန်ပင်ဖြစ်သတည်း။ယောဟန်သည်ကုလားအုပ်မွေးဖြင့်ရက်လုပ်သောအဝတ်ကိုဝတ်ဆင်၍ခါး၌သားရေခါးစည်းကြိုးကိုစည်းထားလျက်၊သူသည်ကားကျိုင်းကောင်နှင့်တောပျားရည်တို့ကိုသာစားသောက်ခဲ့၏ ။ထိုအခါဂျေရုဆလင်မြို့မှစ၍ဂျူဒေယနယ်တလျှောက်လုံးနှင့်ဂျော်ဒန်မြစ်တလျှောက်ရှိဒေသမှလူအပေါင်းတို့သည်သူ့ထံသို့လာကြ၏ ။ထိုသူတို့သည်မိမိတို့အပြစ်များကိုထုတ်ဖော်ဝန်ခံကြလျှက်ဂျော်ဒန်မြစ်တွင်ဆေးကြောခြင်းကိုခံယူကြ၏ ။ဖာရီဇေဦးနှင့်ဇဒ္ဒုဇေဦးများတို့သည်လည်းမိမိထံမှဆေးကြောခြင်းခံယူရန်လာကြသည်ကိုယောဟန်မြင်သောအခါ၊အချင်းမြွေဆိုးအမျိုးတို့၊ကျရောက်လာမည့်ဘေးဒဏ်မှလွတ်မြောက်စေရန်မည်သူသည်သင်တို့ကိုသတိပေးသနည်း။စစ်မှန်သောနောင်တသံဝေဂရခြင်းနှင့်ဆီလျော်သောအကျင့်ကိုလိုက်ကျင့်ကြလော့အာဘရာဟမ်သည်ငါတို့အဖဖြစ်သည်ဟုသင်တို့ကိုယ်သင်တို့မပြောဆိုကြနှင့်။ဘုရားသခင်သည်ဤကျောက်ခဲများကိုအာဘရာဟမ်၏ သားများအဖြစ်ဖန်ဆင်းနိုင်တော်မူသည်ဟုသင်တို့အားငါအမှန်ဆို၏ သစ်ပင်အမြစ်နားမှာပုဆိန်ကအဆင်သင့်ထားလျက်ရှိသည်ဖြစ်၍ကောင်းသောအသီးကိုမသီးသည့်အပင်ရှိသမျှတို့ကိုခုတ်လှဲ၍မီးရှို့လိမ့်မည် ။နောင်တသံဝေဂရခြင်းငှာငါသည်သင်တို့ကိုရေဖြင့်ဆေးကြော၏ ။ငါ့နောက်တွင်ကြွလာမည့်သူသည်ငါ့ထက်တတ်ကျွမ်းနိုင်၏ ။သူ၏ ခြေနင်းတော်ကိုမျှသယ်ဆောင်ခြင်းငှာငါမထိုက်။သူသည်သင်တို့ကိုသန့်ရှင်းသောဝိညာဉ်တော်ဖြင့်လည်းကောင်း၊မီးဖြင့်လည်းကောင်း၊ဆေးကြောတော်မူလိမ့်မည် ။ကိုယ်တော်၏ လက်တော်တွင်စကောပါလျက်မိမိတလင်းကိုရှင်းလင်းစေတော်မူပြီးမိမိ၏ ဂျုံစပါးကိုကျီတွင်စုသိမ်းတော်မူလိမ့်မည်။အဖျင်းကိုမူကားမငြိမ်းနိုင်သောမီးဖြင့်ရှို့ တော်မူလိမ့်မည်ဟုဟောပြောလေ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။